## ရေလွှမ်းမိုးနေစဉ်အချိန်အတွင်းပြုမူလိုက်နာရန်

၁။ ရေလွှမ်းမိုးနိုင်သောနေရာအတွက် လျှပ်စစ်လိုင်းများကို ကြိုတင်၍ ဖြတ်တောက်ထားပါ။

၂။ မိမိကိုယ်ကိုမထိခိုက်စေဘဲ အခြားသူများကိုကူညီပါ။ ကလေးသူငယ်နှင့် အသက်ကြီးသူများကို ဘေးကင်းရာသို့ ပို့ဆောင်ထားပါ။

၃။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များကို အဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလဟာလသတင်းများကို မယုံပါနှင့်။

၄။ ကမ်းခြေနှင့်ရေလွှမ်းနေသော နေရာများကို ရှောင်ရှားနေပါ။

၅။ ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများ (မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း) ကိုသတိပြုပါ။

၆။ ဘေးကင်းရာသို့ရွှေ့ပြောင်းရန်ပြင်ဆင်ပါ။

**အရေးပေါ်ဖုန်းနံပါတ်များမှာ**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**
၁၉၉ ( သို့ ) ၀၁ ၅၄၉၃၀၉

**မီးသတ်ဌာန (ကယ်ဆယ်ရေး)**
၁၉၁ (သို့ ) ၀၁ ၂၅၂၀၁၁

**လူနာတင်ယာဉ်ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
၁၉၂ (သို့ ) ၀၁ ၂၉၅၁၃၃



ရန်ကုန်တွင်မိုးသည်းထန်စွာရွာသွန်းခြင်း
ဓာတ်ပုံ - Frauke Kraas

## ရေလွှမ်းမိုးမှုပြီးဆုံးလျှင်ပြုမူလိုက်နာရန်များ

၁။ မိသားစုဝင်များ ထိခိုက်မှု ရှိ/မရှိ စစ်ဆေးပါ။ မိသားစုဝင်တစ်ဦးဦးပျောက်ဆုံးနေလျှင် တာဝန်ရှိသူများကို အကြောင်းကြားပါ။

၂။ ပျက်စီးသွားသော လျှပ်စစ်ကြိုးလိုင်းများ၊ အခြားကြိုးလိုင်းများနှင့် သစ်ပင်သစ်ကိုင်းများကို သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၃။ လျှပ်စစ်ပစ္စည်းများကို ပြန်လည်စစ်ဆေးပြီးမှသာ အသုံးပြုပါ။

၄။ ရေလွှမ်းမိုးမှုလုံးဝကျသွားမှသာ ရွှံ့၊ နုံး နှင့် တင်ကျန်နေသောရေများကို ဖယ်ရှားရှင်းလင်းခြင်း ပြုလုပ်ပါ။ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း (သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

၅။ အဆောက်အဦများ ပျက်စီးမှု ရှိ/မရှိ ကိုစစ်ဆေးပါ။

၆။ ရေလွှမ်းမိုးမှုခံရသောအဆောက်အဦ၏အပိုင်းကို လျင်မြန်စွာခြောက်သွေ့အောင်ဆောင်ရွက်ပါ။ ထိုကဲ့သို့မပြုလုပ်ပါက ပိုမိုပျက်စီးခြင်း၊ မှိုတက်ခြင်း၊ ပိုးစားခြင်းများ ဖြစ်ပွားနိုင်သည်။



မြေထိန်းနံရံဖြင့် ရေလွှမ်းမိုးမှုကို ကာကွယ်ခြင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ဓာတ်ပုံ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာန

## လက်ကမ်းစာစောင်ထုတ်ဝေသူ

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
မြို့ပြစီမံကိန်းဌာန
www.ycdc.gov.mm
(အကျိုးတူပူးပေါင်းဆောင်ရွက်သူ)

**ကိုလုံးတက္ကသိုလ်**
ပထဝီဝင်ဌာန
www.geographie.uni-koeln.de/en/

ကိုလုံးရေကြီးမှုကာကွယ်ရေးစင်တာ

ကိုလုံးမီးသတ်ဦးစီးဌာန၊ လုံခြုံရေးသိပ္ပံနှင့်ကယ်ဆယ်ရေးနည်းပညာအဖွဲ့

ဂျာမန်ဘေးအန္တရာယ်လျှော့ချရေးကော်မတီ

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ

ရန်ကုန်တက္ကသိုလ်

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ပြနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနဗဟိုဌာန (ရန်ကုန်တက္ကသိုလ်)

**www.riskurbmyanmar.uni-koeln.de**

နိုဝင်ဘာလ ၂၀၂၀

SPONSORED BY THE
Federal Ministry of Education and Research

Funding No. 01LE1904A
Funding line of sustainable development of urban regions joint projects (NUR)
DLR Project Management Agency, Germany

RiskUrb Myanmar

# ရေလွှမ်းမိုးမှုအတွက် အကြံပြုချက် လက်ကမ်းစာစောင်



ရန်ကုန်တွင်မိုးသည်းထန်စွာရွာသွန်းပြီး
ဓာတ်ပုံ - Frauke Kraas

## ရန်ကုန်မြို့၏ဘေးအန္တရာယ်အခြေအနေ

ရန်ကုန်မြို့သည် ဘေးအန္တရာယ်အမျိုးမျိုး (ဥပမာ- ငလျင်လှုပ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ အပူပိုင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ကမ်းပါးပြိုခြင်းနှင့် မီးလောင်ခြင်း) တို့နှင့်ကြုံတွေ့နိုင်ပါသည်။ ထိုဘေးအန္တရာယ် အမျိုးမျိုးကို ရင်ဆိုင်နိုင်ရန် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများမှာ အလွန်အရေးကြီးပါသည်။ ဤလက်ကမ်းစာစောင်တွင် ရေလွှမ်းမိုးမှုအန္တရာယ်မှ ကာကွယ်ရန် သတင်းအချက်အလက်များ ပါဝင်ပါသည်။

## ရေလွှမ်းမိုးမှုဖြစ်ရခြင်းအကြောင်း

၁။ **မိုးရွာသွန်းမှုများခြင်း**
အချိန်ကြာမြင့်စွာ မိုးသည်းထန်ပါက မိုးရေကို မြေကြီးမှဆက်လက်မစုပ်ယူနိုင်တော့သဖြင့် ချောင်း၊ မြောင်းနှင့် မြစ်များရှိရာသို့ စီးဆင်းရာလမ်းတလျှောက်တွင် ရေကြီးရေလျှံခြင်းဖြစ်ပေါ်နိုင်သည်။ ထို့အပြင် အဆောက်အဦနှင့် လမ်းများခင်းခြင်းကြောင့် ရေကြီးရေလျှံခြင်းကို ပိုမိုဖြစ်ပေါ်စေသည်။

၂။ **ရေစီးဆင်းမှုစနစ် ကောင်းမွန်မှုမရှိခြင်း**
ရေစီးဆင်းမှုစနစ် ကောင်းမွန်မှုမရှိခြင်း (ဥပမာ- အမှိုက်များဖြင့် ပိတ်ဆို့နေခြင်း၊ အဆောက်အဦနှင့် လမ်းများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောက်လုပ်မှုမရှိခြင်း) တို့ကြောင့် ရေလွှမ်းမိုးမှုအန္တရာယ်ကို ပိုမိုဖြစ်စေသည်။

၃။ **အပူပိုင်းမုန်တိုင်းကြောင့်ဖြစ်ခြင်း**
အပူပိုင်းမုန်တိုင်းသည် အလွန်မြင့်မားသော ရေလှိုင်းများကို ကမ်းပေါ်သို့တွန်းပို့သည်။ (နာဂစ် မုန်တိုင်းသည် ၅ မီတာ အမြင့်ရှိသော ရေလှိုင်းများကို ကီလိုမီတာ ၅၀ အထိ ကုန်းတွင်းပိုင်းသို့ တွန်းပို့နိုင်ခဲ့သည်။) ၎င်းမုန်တိုင်းနှင့်အတူ ပါလာသော လေမုန်တိုင်းသည် ကမ်းရိုးတန်းတလျှောက်ရှိ ဒေသသို့ဝင်ရောက်လာပါက ကြီးမားသောအန္တရာယ်ကို ဖြစ်စေပါသည်။

၄။ **ဆူနာမီကြောင့်ဖြစ်ခြင်း**
ဆူနာမီသည် ထုထည်ကြီးမားသည့် ရေအစုအဝေး ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းအတွဲ ဖြစ်ပြီး ကမ်းရိုးတန်းဒေသများစွာကို ရေလွှမ်းမိုးမှု ဖြစ်စေနိုင်သည်။

အလွန်အန္တရာယ်များသော ကာလမှာ မိုးဦး (ဧပြီ - မေလ) နှင့် မိုးလွန် (အောက်တိုဘာ - နိုဝင်ဘာလ) ကာလများဖြစ်သည်။

## ရေလွှမ်းမိုးမှုကြောင့် ဖြစ်နိုင်သောဆိုးကျိုးများ

- အဆောက်အဦများ၊ လမ်းများ၊ တံတားနှင့်ဆည်များကို ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းနှင့် ရေနစ်မြုပ်ခြင်းစသောဘေးဖြစ်နိုင်သည်။
- ထို့အပြင် ရေထုထည်နှင့်အတူ မျောပါလာသော ပစ္စည်းပျက်များနှင့် ထိခိုက်မိခြင်းဘေးလည်း ကြုံတွေ့နိုင်သည်။

## ကာကွယ်ရေးအစီအမံများ

၁။ အမှိုက်များပိတ်ဆို့မှုမရှိစေဘဲ ရေမြောင်းများ အမြဲစီးဆင်းမှုရှိရန် လိုအပ်ပါသည်။

၂။ အဆောက်အဦသစ်များ ဆောက်လုပ်ပါက ရေမြောင်းစနစ်ကို မထိခိုက်အောင် ဆောင်ရွက်ရမည်။

၃။ ရေလွှမ်းမိုးဒဏ်ခံရသော အဆောက်အဦ၏ အစိတ်အပိုင်းများကို ခံနိုင်ရည်ရှိအောင် ပြုလုပ်ထားသင့်သည်။ (ဥပမာ- အင်္ဂတေ/ဘိလပ်မြေကြမ်းခင်း၊ ကြွေပြားကြမ်းခင်း၊ သစ်သားတံခါးအစား အလူမီနီယံတံခါး)

၄။ အရေးပေါ်အခြေအနေတွင် ဝင်/ထွက်မှု လွယ်ကူစေရန်၊ ဝင်/ထွက်ပေါက်များတွင် လေးလံသောပစ္စည်းများ ပိတ်ဆို့မှုမဖြစ်နေစေရန် ဂရုစိုက်ပါ။

၅။ အရေးကြီးသော စာရွက်စာတမ်းများအား လုံခြုံစိတ်ချရသောနေရာတွင် သိမ်းဆည်းပါ။ ၎င်းအပြင် မိတ္တူပွား၍ အခြားလုံခြုံစိတ်ချရသောနေရာတွင်လည်း သိမ်းဆည်းသင့်သည်။

၆။ သင်၏အဆောက်အဦကိုကာကွယ်ရန် ရွှေ့ပြောင်းရလွယ်သည့် အကာအကွယ်ပစ္စည်းများ (ဥပမာ- သဲအိတ်) ကို ကြိုတင်ပြင်ဆင်ထားပါ။ အသုံးပြုရမည့်အချိန် (အရေးပေါ်အချိန်) ကိုလည်း သတိပြုနေပါ။

၇။ လျှပ်စစ်လိုင်းများ၊ လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို မြင့်သောနေရာတွင် တပ်ဆင်ပါ။

၈။ မိသားစုဝင်များကို ရေလွှမ်းမိုးမှုမဖြစ်မီနှင့် ဖြစ်နေသောအချိန်တွင် ကြုံနိုင်မည့်သဘောတရားများနှင့် ကာကွယ်ရေးအစီအမံများကို ရှင်းလင်းပြောပြထားပါ။

၉။ အရေးပေါ်အခြေအနေတွင်အသုံးပြုရန် (၃)ရက်စာ ရိက္ခာအပါအဝင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ရေစိုခံအိတ်ဖြင့်ထည့်၍ သယ်ယူရလွယ်ကူသည့်နေရာတွင် ပြင်ဆင်ထားပါ။

၁၀။ ရှေးဦးသူနာပြုစုနည်းကို လေ့လာထားရန်နှင့်လိုအပ်သော ဆေးဝါးနှင့်ကိရိယာများကိုဆောင်ထားပါ။

## ရေလွှမ်းမိုးမှုမဖြစ်မီပြုမူလိုက်နာရန်

၁။ ရေဒီယို(သို့) ရုပ်မြင်သံကြား(သို့) တယ်လီဖုန်း(သို့) သတင်းစာများတွင် အဆက်မပြတ်ကြေညာသတိပေးနေသော မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းအချက်အလက်နှင့် ရေလွှမ်းမိုးနိုင်ခြင်းအခြေအနေများကို အဆက်မပြတ် နားထောင်ပါ/ ဖတ်ပါ။

၂။ အန္တရာယ်ရှိနိုင်သော ရေထုထည်ရှိသည့်နေရာ (ဥပမာ- ပင်လယ်ကမ်းခြေ၊ ကမ်းစပ်ကဲ့သို့သောနေရာများ) ကို စွန့်ခွာပါ။


၃။ မြစ်ကမ်းနား သို့မဟုတ် ရေလွှမ်းမိုးမှုအန္တရာယ် ဖြစ်စေနိုင်သော နေရာအနီးတွင် နေထိုင်လျှင် လုံခြုံသော နေရာများသို့ ပြောင်းရွှေ့ပါ။

၄။ မိမိ၏နေအိမ် အဆောက်အအုံများကို ရေနှင့်လေ မတိုးဝင်လာနိုင်အောင် ကာကွယ်ပါ။ (ဥပမာ- သဲအိတ်များ၊ ရေစိုခံအထပ်သား နှင့် စီလီကွန်များကိုအသုံးပြုခြင်း)

၅။ အရေးပေါ်အခြေအနေတွင် နာမကျန်းသူနှင့် အကူအညီလိုအပ်သူများ၏ နေရာထိုင်ခင်းအတွက် (ဖြစ်နိုင်လျှင် ဆွေမျိုးနှင့်အသိမိတ်ဆွေတို့ထံတွင်) ကြိုတင်စီစဉ်ထားပါ။

၆။ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန် ဆီ၊ ဓာတုပစ္စည်းများ၊ အိမ်သုတ်ဆေးများ၊ အရောင်တင်ဆီ၊ ကြေးချွတ်ဆေးပါဝင်သောဆပ်ပြာမှုန့် နှင့် သန့်ရှင်းရေးပစ္စည်းများအား ရေလွှမ်းမိုးနိုင်သော နေရာတွင် မထားပါနှင့်။

၇။ သင်၏ကားကို ရေလွှမ်းမိုးနိုင်သော ရေိယာပြင်ပတွင် ရပ်ထားသင့်သည်။



မြောက်ဥက္ကလာပနှင့်တောင်ဒဂုံမြို့နယ်များတွင် သဲအိတ်များဖြင့် ရေလွှမ်းမိုးမှုကို ကာကွယ်ခြင်း
ဓာတ်ပုံ - ရေစီးရေလာနှင့်ရေဆိုး စီမံခန့်ခွဲမှုဌာန